မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ ၂၀၁၁ ခုနှစ်၊ မေ ၁၀ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၁၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွံ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အစ္စရေးနိုင်ငံသမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် မေ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အစ္စရေးနိုင်ငံ သမ္မတ မစ္စတာ ရှီမွန် ပဲရေ့စ်ထံသို့ ၂၀၁၁ ခုနှစ် မေ ၁၀ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ၏ ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့သို့ ရောက်ရှိ

သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုက ဂုဏ်ပြုအခမ်းအနားဖြင့်ကြိုဆို

နေပြည်တော် မေ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနို၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် အဖွဲ့ဝင်များလိုက်ပါလျက် မေ ၅ ရက် နံနက် ၈ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်မှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့သို့ ထွက်ခွာကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မေ ၁၀ ရက်)

မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပူးပေါင်းဆောင်ရွက် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်အစွန့်ရှည်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနို၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေး ခရီးသွားရောက်ခဲ့ရာ မေလ ၅ ရက်နေ့ ညနေ ၄ နာရီတွင် ဂျကာတာမြို့ရှိ **Istana Merdeka** နန်းတော် **Reception Hall** ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနို ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးကြရာ၌ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုက "အဆွေတော်၏ ခရီးစဉ်သည် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ရန် အခွင့်အလမ်းများရရှိစေပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး အဆွေတော်ဦးဆောင်သည့် အစိုးရသစ်အဖွဲ့သည် နိုင်ငံပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများအကျိုးအတွက် ပိုမိုဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း" ဆွေးနွေးပြောကြားခဲ့သည်။

မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံသည် လွန်ခဲ့သည့်နှစ်ပေါင်း ၆၀ ကျော်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်နားလည်မှုများကို မှန်မှန်တိုးတက်ရန်ဆောင်ရွက်လျက် နှစ်နိုင်ငံအကြား တည်ရှိသော ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာရန် ဆောင်ရွက်နိုင်ခဲ့သည်။ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံအကျိုးအတွက်သာမက ဒေသတွင်းငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူပြုစေမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က "မိမိတို့ စနစ်ပြောင်းလဲသွား၍ စီးပွားရေးစနစ်တွင် ပိုမိုပွင့်လင်းစွာ ပြောင်းလဲမှုများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများစွာရှိသည့်အတွက် လယ်ယာ၊ သတ္တု၊ စက်မှု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့စသည့် ကဏ္ဍများစွာတွင် အင်ဒိုနီးရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လိုပါကြောင်း" ဆွေးနွေးပွဲတွင် ထည့်သွင်းဆွေးနွေးပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် အင်ဒိုနီးရှားနိုင်ငံ ကုမ္ပဏီ(၁၂)ခု၏ လာရောက်ရင်းနှီးမြှုပ်နှံမှုပမာဏသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီအထိ ရင်းနှီးမြှုပ်နှံမှုနိုင်ငံများအနက် အဆင့် (၁၀) နေရာတွင် ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ချစ်ကြည်ရေးခရီးစဉ်သည် အနာဂတ်ကာလတွင် အင်ဒိုနီးရှားနိုင်ငံနှင့် မြန်မာနိုင်ငံ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့် ခိုင်မာစေမည့်အပြင် နှစ်နိုင်ငံဆက်ဆံရေးသည်လည်း ပိုမိုတိုးတက်ကာ အစွန့်ရှည်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆုချီးမြှင့်

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ၂၀၁၁ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနား၌ ထူးချွန်ဆုရရှိသူများအား ဆုပေးအပ် ချီးမြှင့်စဉ်။

(သတင်းစဉ်)

မိုးလေဝသ သတင်းမှတ်စု

၂၀၁၁ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း တောင်တွင်းကြီး၌ လစဉ် မိုးရွာသွန်းလာ

သတင်းမှတ်စု - ဇော်ဌေးအောင်(တောင်တွင်းကြီး)

တောင်တွင်းကြီး မေ ၉

၂၀၀၀ ပြည့်နှစ်မှ ၂၀၁၁ခုနှစ်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီးအတွင်း နှစ်စဉ် မိုးရွာသွန်းမှုမှတ်တမ်းများကို လေ့လာကြည့်ရာ ၂၀၁၁ ခုနှစ်သည် ဇန်နဝါရီလမှ ဧပြီလအတွင်း လစဉ်မိုးရွာသွန်းခဲ့သည်ကို တွေ့ရသည်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း ဖေဖော်ဝါရီလများ၌ မိုးရွာသွန်းမှုမရှိကြောင်း တွေ့ရ သည်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၁ ခုနှစ်အထိ ဇန်နဝါရီလမှ ဧပြီလအတွင်း တောင်တွင်းကြီးမြို့နယ်၏ မိုးရွာရက်နှင့် မိုးရေချိန်လက်မကို လေ့လာရာ အောက်ပါအတိုင်း တွေ့ရှိရသည်-

ခုနှစ်	လ	မိုးရွာရက်ပေါင်း	မိုးရေချိန်
၂၀၀၀	မတ်လ	၃ ရက်	၁.၂၂ လက်မ
၂၀၀၁	မတ်လ	၁ ရက်	၀.၁၂ လက်မ
၂၀၀၂	မတ်လ	၁ ရက်	၀.၀၈ လက်မ
၂၀၀၃	ဧပြီလ	၂ ရက်	၀.၃၂ လက်မ
၂၀၀၄	ဧပြီလ	၂ ရက်	၀.၅၁ လက်မ
၂၀၀၅	မတ်	၂ ရက်	၀.၁၆ လက်မ
၂၀၀၅	ဧပြီလ	၂ ရက်	၀.၅၅ လက်မ
၂၀၀၆	ဧပြီလ	၄ ရက်	၃.၃၉ လက်မ
၂၀၀၇	-	-	(ရွာသွန်းခြင်းမရှိ)
၂၀၀၈	ဇန်နဝါရီလ	၁ ရက်	၀.၅၁ လက်မ
၂၀၀၉	ဧပြီလ	၁ ရက်	၀.၀၈ လက်မ
၂၀၁၀	မတ်လ	၁ ရက်	၀.၆၇ လက်မ
၂၀၁၁	ဇန်နဝါရီလ	၂ ရက်	၂.၃၂ လက်မ
၂၀၁၁	ဖေဖော်ဝါရီလ	၁ ရက်	၀.၂၄ လက်မ
၂၀၁၁	မတ်လ	၂ ရက်	၀.၅၅ လက်မ
၂၀၁၁	ဧပြီလ	၄ ရက်	၂.၀၆ လက်မ

၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ မိုးရွာရက် ကိုးရက်ရှိပြီး မိုးရေချိန် ၅ ဒသမ ၁၇ လက်မရှိသဖြင့် မိုးရွာရက်နှင့် မိုးရေချိန်များသည့် နှစ်ဟု သတ်မှတ်ရမည်ဖြစ်သည်။ ရာသီဥတုပြောင်းလဲလာမှု အခြေအနေကို စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်ကြသည့်လုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများအနေဖြင့် သတိပြုမိရန် အထူးလိုအပ်မည်ဖြစ်ပါသည်။ သို့မှသာ မိမိတို့စိုက်ပျိုးသော သီးနှံများအောင်မြင်ဖြစ်ထွန်းမည်ဖြစ်ပြီး စိုက်ပျိုးဖြစ်ထွန်းသောသီးနှံများ ရိတ်သိမ်းရာတွင်လည်း လေလွင့်ဆုံးရှုံးမှုနည်းပါးမည်ဖြစ်သည်။ သို့ဖြစ်ရာ ပြောင်းလဲလာသော မိုးရွာသွန်းမှု အခြေအနေကို သတိပြုမိစေရန်နှင့် တောင်သူလယ်သမားများ သီးနှံများကို အချိန်မီ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ ကြိုတင်ကာကွယ်ခြင်းများ ကြိုတင်ပြင်ဆင်ပြုလုပ်နိုင်ရန် ရေးသားလိုက်ရပါသည်။ ။

စာပေဟောပြောပွဲကျင်းပ

တောင်ငူ မေ ၉

တောင်ငူမြို့ မြို့မိမြို့ဖ စာချစ်သူများနှင့် ကာတွန်းဆရာများ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို မေ ၅ ရက် ညက တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်းရှိ ဝင်းရုပ်ရှင်ရုံ၌ကျင်းပရာ စာပေဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။ ဟောပြောပွဲတွင် စာရေးဆရာ ဟိန်းလတ်က အသိပညာနှင့် ထိန်းသိမ်းရမည့် ဒီကမ္ဘာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမ နုနုရည်(အင်းဝ)က ကျွန်မဖတ်တဲ့စာ၊ ကျွန်မရေးတဲ့စာ ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောကြပြီး စာရေးဆရာများအား ဂုဏ်ပြုဆုများကို တောင်ငူတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူနှင့် တောင်ငူအထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်းတို့က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (၁၁၅)

ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနား ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပ

ရန်ကုန် မေ ၉

ဘေးဒုက္ခရောက်သူများကို ထိရောက်သော ကူညီစောင့်ရှောက်မှုပြုပေးရန်နှင့် အရေးပေါ်ကူညီနိုင်ရေး ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်ကြောင်း၊ ထူးချွန်သောမျိုးဆက်သစ်များ ပေါ်ထွန်းရေးအတွက် နိုင်ငံတော်က အလေးထား ဆောင်ရွက်နေချိန်တွင် မျိုးဆက်သစ်ကြက်ခြေနီလူငယ်များအား မွေးထုတ်ပေးနေသော မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးကို နိုင်ငံတော်အစိုးရက အမျိုးသားအဆင့် နိုင်ငံ့အကျိုးပြုစွမ်းအားစုတစ်ရပ်အဖြစ် တိုးချဲ့ဖွဲ့စည်းစေခဲ့ကြောင်း၊ ကြက်ခြေနီစိတ်ဓာတ်နှင့် စွမ်းရည်ကို ပြည့်ဝထက်မြက်အောင် လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အရန်အင်အားစုဖြစ်သည့်အတွက် ဥပဒေနှင့် စည်းကမ်းများကို တိတိကျကျ စောင့်စည်းလိုက်နာရန် လိုအပ်ကြောင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက မေ ၈ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပသော ၂၀၁၁ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနား၌ မှာကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ သာလှရွှေက ကမ္ဘာ့ကြက်ခြေနီနေ့ သဝဏ်လွှာကို ဖတ်ကြားပြီး ထူးချွန်ကြက်ခြေနီများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့သည်။ အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြီးကြပ်ဆောင်ရွက်

ပုသိမ်မြို့ ပုသိမ်-ရန်ကုန် လမ်းမကြီး လမ်းဘေးဝဲယာ မြေယာရှင်းအလှပြုပြင်ခြင်း လုပ်ငန်းကို မေ ၄ ရက်က အမှုဆောင်အရာရှိ ဦးနေထက်ရှိန် ကြီးကြပ်လျက် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးသန်းဝင်းဌေးနှင့် ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

❐ ရှေ့စုံမှ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ ဟာလင်ပါဒါနာကူဆူမာလေဆိပ်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဉာဏ်လင်းနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာနအကြီးအကဲ Mr.Lutfi Rauf တို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ထို့နောက် နိုင်ငံတော်သမ္မတသည် အထူးလေယာဉ်ပေါ်မှ ဆင်းသက်လာရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Dr. Marty M.Natalegawa က လေယာဉ်လှေကားထိပ်မှ ကြိုဆိုနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအား အင်ဒိုနီးရှား ကျောင်းသားကျောင်းသူလေးများက ဂုဏ်ပြုပန်းကုံးစွပ်၍ ဂါရဝပြု ကြိုဆိုကြသည်။

ကြိုဆို

ယင်းနောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ Minister for Administrative Reforms H.E.Mr.E.E. Mangindaan၊ ဂျကာတာမြို့ အုပ်ချုပ်ရေးမှူး Hon.Dr.Ing Fauzi Bowo နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Sebastianus Sumarsono နှင့် တာဝန်ရှိသူများ၊ အင်ဒိုနီးရှား သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စစ်သံမှူး ဗိုလ်မှူးကြီးအေးသော်၊ သံရုံးနှင့်စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အထူးယာဉ်တန်းဖြင့် ဂျကာတာမြို့ရှိ ခေတ္တတည်းခိုမည့် Ritz Carlton Hotel သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနို၏ ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် ညနေ ၃ နာရီခွဲတွင် ဂျကာတာမြို့ရှိ Istana Merdeka နန်းတော်သို့ အထူးယာဉ်တန်းဖြင့် ရောက်ရှိရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

အလေးပြုခြင်းခံယူ

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ကို တီးမှုတ်၍လည်းကောင်း၊ အမြောက် (၂၁)ချက် ပစ်ဖောက်၍လည်းကောင်း ဂုဏ်ပြုသည်။

မိတ်ဆက်ပေး

ထို့နောက် နိုင်ငံတော်သမ္မတက အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတအား မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကလည်း ၄င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လက်မှတ်ရေးထိုး

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုတို့သည် Istana Merdekaနန်းတော် Credential Room ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်သမ္မတက ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

အင်ဒိုနီးရှား သမ္မတနိုင်ငံသမ္မတက ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများ၊ အင်ဒိုနီးရှား သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး၊ စစ်သံမှူးနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အလားတူ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတနှင့်အတူ ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုတို့ ဂျကာတာမြို့ရှိ Istana Merdeka နန်းတော် Credential Room ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုတို့ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုက ၄င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးစဉ်။ (သတင်းစဉ်)

10-5 (03).pmd 1 5/10/2011, 3:41 AM

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်းယူဒိုရိုနိုနှင့် တွေ့ဆုံ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ရေးဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်းယူဒိုရိုနိုအား ဂျကာတာမြို့ရှိ **Istana Merdeka နန်းတော် Jepara Room၌ တွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)

နေပြည်တော် မေ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မေ ၅ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ဂျကာတာမြို့ရှိ Istana Merdeka နန်းတော် Jepara Room ၌ တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးဉာဏ်လင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဟောက်ဒိုဆွမ်းတို့ တက်ရောက်ကြပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတနှင့်အတူ Minister for State Secretary Mr.Sudi Silalahi၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Dr.Marty M.Natalegawa၊ Minister for Administrative Reforms Mr.E.E. Mangindaan နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံအမတ်ကြီး Mr. Sebastianus Sumarsono တို့ တက်ရောက်ကြသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတတို့သည် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာတိုးတက်ရေး ဆောင်ရွက်မည့်အခြေအနေ၊ အာဆီယံနိုင်ငံများနှင့်ရင်းရင်းနှီးနှီးဆက်ဆံပြီး ကုလသမဂ္ဂအပါအဝင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်မည့်အခြေအနေ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်ကိုအခြေခံပြီး ကမ္ဘာ့အရေးအရာများတွင် ဆက်လက်ပါဝင်ဆောင်ရွက်မည့်အခြေအနေ၊ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် ကမ္ဘာ့စုံ၌ မိတ်ဆွေစီးပွားဖက်နိုင်ငံအဖြစ် ဆက်လက်ပြီး လက်တွဲဆောင်ရွက်သွားမည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၅-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ နန္ဒမာလာဘိဝံသ)
- ၆:၄၀ ဘွဲ့အမည်နာမတော်သုံးမျိုးနဲ့ ထင်ပေါ် ဘုရင့်ညီနောင်ရတနာ လိုဏ်ဂူတော်
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၉၉)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၅၇)
- ၈:၄၅ Legendary Journey Live at Singapore (Part-8)
- ၉:၃၀ Cartoon Show Time (Tangled)
- ၁၀:၁၀ Activities in the City (Special Menu 2011 နှင့် ထိုင်းနိုင်ငံ Pattaya ကမ်းခြေ ဟန်းနီးမွန်းကံထူးရှင်ရွေးချယ်ပွဲ)
- ၁၀:၂၅ ဝက်နားရွက်ပြရောဂါအကြောင်း သိကောင်းစရာ
- ၁၀:၅၅ Celebrity Style (ပုလဲဝင်း)
- ၁၁:၁၅ ရန်ကုန်မြင်ကွင်းကျယ် (Zizawa Health Care Co.,Ltd. ၏ Alodise ပစ္စည်းသစ်မိတ်ဆက်ပွဲ)
- ၁၁:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၀ ကမ်းဆင့်လက်များလှမ်းလို့ရည် သာသနာ့အမွေခံယူကြမည်
- ၁၂:၁၅ JICA Myanmar ၏ မေတ္တာကွန်ရက်များဆီသို့ … (လယ်ယာမြေများပြုပြင်ထိန်းသိမ်းလေ့လာရေးစီမံကိန်း)
- ၁၂:၄၅ အထက ဝက်လက် ကျောင်းသားကျောင်းသူဟောင်းများ၏ဆဋ္ဌမ အကြိမ်မြောက်အာစရိယပူဇော်ပွဲ
- ၁:၀၀ **မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ နန္ဒမာလာဘိဝံသ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ စာအုပ်ပြခန်း ရက်ရက်မှာဖြစ်သောကင်ဆာ အပါအဝင် အခြားကင်ဆာရောဂါဆောင်းပါးများ စာအုပ်ရေးသားသူ ဒေါက်တာစိုးလွင်နှင့် တွေ့ဆုံမေးမြန်းခြင်း (အပိုင်း-၂)
- ၂:၅၅ Activities in the City မြန်မာ့တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲ (နဂါးနှစ်ကောင်တိုင်းရင်းဆေး)
- ၃:၁၀ ကူညီဒါနကုသိုလ်မျှ… ပုညသဟာယ
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၉၉)
- ၄:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၅၇)
- ၅:၀၅ The Champion of Dance
- ၅:၄၅ သိန်းနီမြို့မှ ထူးခြားလှတဲ့ သာသနာ့အမွေ
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (ဇာတ်သိမ်းပိုင်း)
- ၇:၁၀ Legendary Journey Live at Singapore (Part-9)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Celebrity Choice (ငယ်ငယ်)
- ၈:၅၅ သီချင်းကောင်းကောင်းသီချင်းတောင်း
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၅၈)
- ၁၀:၁၅ အနုပညာမိုးကောင်းကင်
- ၁၀:၃၅ ဂီတသမားတစ်ယောက်၏ဘဝ
- ၁၁:၀၀ World of Knowledge (Megastructures: The Learning Tower of Abu Dhabi)
- ၁၁:၅၀ **ရင်သွေးအတွက် သတိတစ်ချက်** ညောင်ညောင်၊ မေသဥ္ဇာဦး၊ ဆုရွှန်းလဲ့၊ ဒေါ်နှင်းဆီ၊ ခေတ်ရူပါဦး ဒါရိုက်တာ-ဆွေဇင်ထိုက်
- ၁၂:၀၀ **အများမြင်စရာနှစ်ပါးသဘင်မဟာရွှေမန်းသဘင်အဖွဲ့ တင်မောင်ဆန်းမင်းဝင်း** (အပိုင်း-၁)
- ၁၂:၄၅ အကွက်လှလှအဆင်ဆန်း မြန်မာ့ချည်ထည်ရက်ကန်း
- ၁:၀၅ စွမ်ကြဖွယ်ရာရတနာ (စိန်ကျောက်အလားဥဿဖရား) (အပိုင်း-၁)
- ၁:၃၅ နေရောင်ခြည်မှသည် လျှပ်စစ်စွမ်းအင်ဆီသို့
- ၁:၅၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာသူရိန်မောင်မောင်)
- ၂:၁၀ ဖွံ့ဖြိုးဝေဆာသပြေတန်းရှာ ခြေလှေ့စက် လက်မှုပညာ
- ၂:၂၀ မြန်မာ့လက်ရာပန်းတဉ်းပညာ
- ၂:၅၀ အဆီအနှစ်ပြည့်ဝသော သဘာဝအရသာ နန်းဝေနို့မှုန့်မှာ
- ၃:၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၀ မောက်ဦးနေရှမ်းတို့မြေမှ တောင်ကြီးမြို့နှင့် ရိုးရာမင်္ဂလာ
- ၄:၂၅ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (လူမိုက်နှင့်ကင်းချမ်းသာခြင်း)
- ၄:၃၅ အသွင်ပြောင်းစေမည့် Fiber Tech
- ၄:၄၅ ဖူးမည်အမှန် … ထူးမည်ကေန် … မာရ်ငါးမာရ်

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့်ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၁၀	Man City - Tottenham	ESPN (Live)

✳ *ကျောဖုံးမှ*

(၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ရာမှ ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါလာ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ ပြန်လည်လိုက်ပါခဲ့ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနို ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုက ဂျကာတာမြို့ရှိ Istana Negara နန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုတို့ ယဉ်ကျေးမှုခန်းမဆောင်၌ အင်ဒိုနီးရှားရိုးရာယဉ်ကျေးမှုအဖွဲ့၏ ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုတို့ အင်ဒိုနီးရှားရိုးရာယဉ်ကျေးမှုအဖွဲ့နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်းယူဒိုရိုနို က မေ ၅ ရက် ညပိုင်းတွင် ဂျကာတာမြို့ရှိ Istana Negara နန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။

ခရီးဦးကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် Istana Negara နန်းတော်သို့ အထူးယာဉ်တန်းဖြင့် ရောက်ရှိလာရာ သမ္မတအိမ်တော်သံတမန်ရေးရာဌာန အကြီးအကဲက ခရီးဦးကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတအား နန်းတော်ဧည့်ခန်းမဆောင်၌ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်းယူဒိုရိုနို က ခင်မင်လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတနှင့်အတူ လွှတ်တော်

စာမျက်နှာ ၆ ကော်လံ ၁သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျကာတာမြို့ရှိ သူရဲကောင်းဗိမာန်၌ ပန်းခွေချအလေးပြု

အလေးပြု

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျကာတာမြို့ရှိ သူရဲကောင်းဗိမာန်၌ ပန်းခွေချ၍ အလေးပြုစဉ်။ (သတင်းစဉ်)

ကြည့်ရှု

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျကာတာမြို့ရှိ သူရဲကောင်းဗိမာန်၌ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ သူရဲကောင်းများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၆ ရက် နံနက်ပိုင်းတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ သူရဲကောင်းဗိမာန် (Kalibata National Heroes Cemetery) သို့ သွားရောက်၍ ပန်းခွေချ အလေးပြုသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ လိုက်ပါလျက် နံနက် ၈ နာရီတွင် သူရဲကောင်းဗိမာန်သို့ရောက်ရှိရာ အင်ဒိုနီးရှားသမ္မတနိုင်ငံစစ်ဘက်အတွင်းဝန် Brig-Gen Agus Sutomo နှင့် ဂျကာတာတပ်နယ်မှူး Maj-Gen Waris တို့က ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် သူရဲကောင်းဗိမာန်၌ ပန်းခွေချ၍ အလေးပြုသည်။

ဆက်လက်၍ ဗိမာန်ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံမှ သူရဲကောင်းများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် Ritz Carlton Hotel သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ (ဥပုသ်နေ့)
၁၀-၅-၂၀၁၁
(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
- ၈:၀၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၂၀ ၉။ **သတင်းကောင်း**
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃:၃၀ ၁။ **Myanmar National League MNL Grand Royal Cup 2011** ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှု အစီအစဉ် (Southern Myanmar အသင်းနှင့် ဧေယျာရွှေမြေ အသင်း)
- ၅:၀၀ ၂။ တေးဂီတအစီအစဉ်
- ၅:၁၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
- ၅:၂၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၃၀ ၅။ ကြေးမုံရိပ်သွင်တေးနယ်ဥ
- ၅:၄၀ ၆။ **ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များ**
- ၅:၄၅ ၇။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၁၅ ၉။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၃၅ ၁၁။ ဆိုလိုက်ကြစို့
- ၇:၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ) (အပိုင်း-၃၀)
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ ရယ်စရာဟာသများ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပျော်ရွှင်စရာအိမ်မက်ကမ္ဘာ** (အပိုင်း-၂၇)
- ၁၈။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်းတရားတော်
- ၁၉။ အစီအစဉ်ပြီး၏။

စာမျက်နှာ ၅ မှ

ဥက္ကဋ္ဌများ၊ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်တို့တွင် အင်ဒိုနီးရှားခေတ်ပေါ်တေးဂီတအဖွဲ့က ခေတ်ပေါ်တေးသီချင်းများနှင့် မြန်မာသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆုမွန်ကောင်းတောင်း

ထို့နောက် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုနှင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တို့သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ခိုင်မာရေးတို့အတွက် ဆုမွန်ကောင်းတောင်းကြသည်။

ညစာ သုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတနှင့် အဖွဲ့ဝင်များသည် ယဉ်ကျေးမှုခန်းမဆောင်၌ အင်ဒိုနီးရှားရိုးရာယဉ်ကျေးမှုအဖွဲ့၏ ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုပန်းစည်းပေးအပ်ပြီး နိုင်ငံတော်သမ္မတနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတတို့သည် ရိုးရာယဉ်ကျေးမှုအဖွဲ့နှင့်အတူစုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် နိုင်ငံတော်သမ္မတသည် Istana Negara နန်းတော်မှ ပြန်လည်ထွက်ခွာရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတက မော်တော်ယာဉ်ပေါ်သို့ ပို့ဆောင်နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အထူးယာဉ်တန်းဖြင့် ခေတ္တတည်းခိုသည့် Ritz Carlton Hotel သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ် ပိန္နဲတောင် ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

နေပြည်တော် မေ ၉

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အတွင်းရှိ ပိန္နဲတောင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်များကို မေ ၁ ရက်မှစ၍ ထုတ်လွှင့်ပေးလျက်ရှိရာ ရမ်းဗြဲမြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ မာန်အောင်မြို့နယ်၊ လားမူနှင့် မအီမြို့နယ်ခွဲများမှ ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံ ကြည်လင်စွာဖြင့် ဖမ်းယူရရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

KNU အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် မေ ၉

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် လပတ်ကျေးရွာနေ ဦးဝင်းနိုင် အသက်(၄၂)နှစ်သည် သစ်ဆွဲရန် သွားရောက်စဉ် မေ ၈ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ရွာ၏အရှေ့တောင်ဘက် ငါးမိုင်ခန့်အကွာ တောတွင်းတစ်နေရာ၌ KNU အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသော မိုင်းတစ်လုံးနင်းမိပေါက်ကွဲ၍ ညာခြေချင်းဝတ်မှပြတ်ဒဏ်ရာနှင့် ဘယ်ခြေသလုံးမီးလောင်ဒဏ်ရာများရရှိခဲ့သဖြင့် တာဝန်ရှိသူများက ကျောက်ကြီးပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက်ရှိကာ လိုအပ်သော ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၉

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Thongsing Thammavong သည် မေ ၆ ရက် ညနေ ၃ နာရီခွဲတွင် ဂျကာတာမြို့ရှိ ခေတ္တတည်းခိုသည့် Ritz Carlton Hotel ဧည့်ခန်းမသို့ လာရောက်၍ တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ အင်ဒိုနီးရှား သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးညဏ်လင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်နှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Thongsing Thammavong နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် ဂျကာတာမြို့ရှိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် အစည်းအဝေး ဆုံးဖြတ်ချက်လုပ်ငန်းများ အကောင်အထည်ဖော်ရေး၊ မဲခေါင်မြစ်အတွင်း ရေကြောင်းသွားလာရေးလုံခြုံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြား နယ်စပ်ဒေသတည်ငြိမ်ရေးနှင့် လုံခြုံရေး၊ ကူးသန်းဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် **H.E. Mr. Thongsing Thammavong** ဂျကာတာမြို့ရှိ ခေတ္တတည်းခိုသည့် **Ritz Carlton Hotel** ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အစ္စရေးနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၁၀

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဗစ်ဒေါလီဘာမန်ထံသို့ ၂၀၁၁ ခုနှစ် မေ ၁၀ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ကူဝိတ်နိုင်ငံအကြီးအကဲထံ သံအမတ်ကြီးဦးကိုကိုလတ် ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၁၀

ကူဝိတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးဦးကိုကိုလတ်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၁ခုနှစ် မေ ၃ ရက်တွင် ကူဝိတ်မြို့၌ ကူဝိတ်နိုင်ငံအကြီးအကဲ ရှိတ်ဆာဘားအယ်လ်အာမက် အယ်လ်ဂျာဘား အယ်လ်ဆာဘားထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ပါကစ္စတန်နိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးစံမြင့်ဦး ၎င်း၏ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၁၀

ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစံမြင့်ဦးသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၁ခုနှစ် မေ ၂ ရက်တွင် အစ္စလာမာဘတ်မြို့၌ ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံသမ္မတ မစ္စတာ အာဆစ်ဖ်အလီဇာဒါရီထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းဌေး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရွှေပြည်သာ ရေနံမြေ၌ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

ကမ်းလွန်နှင့် ကုန်းတွင်းသဘာဝဓာတ်ငွေ့ ရောစပ်သုံးစွဲနိုင်ရေးစီမံဆောင်ရွက် ပြည်တွင်းသုံးစွမ်းအင်လိုအပ်ချက်ကို တိုးမြှင့်ဖြည့်ဆည်းရေး ကြိုးပမ်း

ရန်ကုန် မေ ၉

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ပြည်တွင်းသုံးစွဲရန်အတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ရွှေပြည်သာရေနံမြေတွင် တွင်းအမှတ် (၆၆)ကို National ၅၅ တွင်းတူးစက်ဖြင့် တူးဖော်ပြီးစီးခဲ့ရာ အနက်ပေ ၅၀၀၀ ကျော်ရှိ သဲကြောများမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ စမ်းသပ်တွေ့ရှိခဲ့သည်။

စီမံဆောင်ရွက်

စွမ်းအင်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် မေ ၈ ရက် နံနက်ပိုင်းတွင် ရွှေပြည်သာရေနံမြေသို့ သွားရောက်ပြီး ပြည်တွင်းသုံး စွမ်းအင်လိုအပ်ချက်ကို တိုးမြှင့်ဖြည့်ဆည်းရေးအတွက် ပိုမိုကြိုးပမ်းဆောင်ရွက်သွားရန်နှင့် နည်းပညာသစ်များ လိုအပ်ပါက ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ယခုထွက်ရှိလာသော သဘာဝဓာတ်ငွေ့ကို မြန်အောင် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံသို့ ပို့လွှတ်၍ ကမ်းလွန်နှင့် ကုန်းတွင်း သဘာဝ ဓာတ်ငွေ့ကို ရောစပ်သုံးစွဲသွားနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ပေးအပ်

ထို့နောက် မြန်အောင်မြို့နယ် ဒေါင်းကျကျေးရွာအုပ်စုနှင့် ကညင်ငူကျေးရွာအုပ်စုတို့ကို ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းပေါ်ရှိ တလိုင်းခြံချောင်းကူးကွန်ကရစ်တံတားအား ကျေးရွာမှ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တံတားတည်ဆောက်ရေး အတွက် အလှူငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အထော

နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်လာစေရန် နည်းလမ်းများရှာဖွေပြီး ကြိုးပမ်းဆောင်ရွက်သွားမ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦ

မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရန် ကြိုးပမ်းမှုများအပေါ် အလေးအနက်ထောက်ခံ

အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းရေးလုပ်ငန်းစဉ် အောင်မြင်မည်ဟု

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘာ

နေပြည်တော် မေ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနို ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို မေ ၅ ရက် ညနေ ၄ နာရီတွင် ဂျကာတာမြို့ရှိ Istana Merdeka နန်းတော် Reception Hall ၌ ကျင်းပသည်။

တက်ရောက်

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဉာဏ်လင်းနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုနှင့်အတူ နိုင်ငံရေး၊ တရားဥပဒေနှင့် လုံခြုံရေးဝန်ကြီး H.E. Mr. Marsekal TNI (Purn) Djoko၊ စီးပွားရေးဝန်ကြီး H.E Mr. Ir. Hatta Rajasa၊ Minister for Administrative Reforms H.E. Mr. E.E. Mangindaan ၊ Coordinating Minister & State Secretary H.E .Mr. Sudi Silalahi၊ နိုင်ငံခြားရေးဝန်ကြီး H.E. Dr. Marty M. Natalegawa၊ ကုန်သွယ်ရေးဝန်ကြီး H.E. Dr. Mari E. Pangestu၊ စွမ်းအင်နှင့် သဘာဝအရင်းအမြစ်ဝန်ကြီး H.E.Darwin Zahedy Saleh၊ စိုက်ပျိုးရေးဝန်ကြီး H.E .Mr. H. Suswono၊ သစ်တောဝန်ကြီး H.E. Mr. Zulkifli Hasan၊ ပို့ဆောင်ရေးဝန်ကြီး H.E. Mr. Laksamana Madya (Purn) Freddy Numberi၊ Minister for Legal and Human Rights H.E Mr. Patrialis Akbar၊ အစိုးရအဖွဲ့ အတွင်းရေးမှူး H.E.Mr. Dipo Alam၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးကြရာ၌ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုက **အဆွေတော်၏ ခရီးစဉ်သည် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ရန် အခွင့်အလမ်းများရရှိစေပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး အဆွေတော်ဦးဆောင်သည့် အစိုးရသစ်အဖွဲ့သည် နိုင်ငံပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများအကျိုးအတွက် ပိုမိုဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့်** ဦးစွာဆွေးနွေးပြောကြားသည်။

ဂုဏ်ယူဝမ်းမြောက်

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က **မိမိအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတ တာဝန်ယူပြီးနောက် ပထမအကြိမ် နိုင်ငံခြား တရားဝင်ခရီးစဉ်အဖြစ် အာဆီယံဥက္ကဋ္ဌဖြစ်သော ချစ်ကြည်ရင်းနှီးသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။**

ယခု မိမိ၏ခရီးစဉ်သည် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှုနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်မှုများကို ပိုမိုတိုးတက်အကျိုးဖြစ်ထွန်းရန် ယုံကြည်စိတ်ဖြင့် လာရောက်ခြင်းဖြစ်ပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

အောင်မြင်မည်

ဆက်လက်၍ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတက **နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ထိန်းသိမ်းရန် နိုင်ငံတော်အကြီးအကဲအဆင့်၊ ဝန်ကြီးအဆင့်နှင့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အဆင့် ခရီးစဉ်များ နှစ်နိုင်ငံအကြား အပြန်အလှန်သွားရောက်ရေးကို ဆက်လက်ဆောင်ရွက်သွားစေလိုပါကြောင်း၊ နိုင်ငံရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းမှုများအပေါ် မိမိအနေဖြင့် အလေးအနက်ထောက်ခံပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းရေးလုပ်ငန်းစဉ်မှာ အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း။**

မြန်မာနိုင်ငံ၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နယ်မြေတည်တံ့ရေးတို့အတွက် ဆောင်ရွက်ချက်များကို ထောက်ခံပါကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏကို ၂၀၁၅ ခုနှစ်မတိုင်မီ အမေရိကန်ဒေါ်လာ သန်း ၅၀၀ အထိ တိုးမြှင့်နိုင်ရန် ရည်မှန်းချက်ထားရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် စီးပွားရေး အလားအလာကောင်းများစွာရှိပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်များတွင် အင်ဒိုနီးရှားနိုင်ငံမှ ပါဝင်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လိုပါကြောင်း။

အင်ဒိုနီးရှားနိုင်ငံ ပုဂ္ဂလိက ကုမ္ပဏီများကလည်း မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် စိတ်အားထက်သန်နေပြီး မြန်မာနိုင်ငံ၏ သတ္တုတူးဖော်ရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ အခြေခံအဆောက်အအုံနှင့် အခြားကဏ္ဍများတွင်လည်း ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်လိုကြပါကြောင်း။

မိမိအနေဖြင့် နှစ်နိုင်ငံအကြား လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင်လည်း ပူးပေါင်းဆောင်ရွက်ရန် အကြံပြုလိုပါကြောင်း၊ ယင်းသို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စပါးစိုက်ပျိုးမှုတိုးချဲ့ပြီး ဆန်ပိုမိုထွက်ရှိတင်ပို့နိုင်မည်ဆိုပါက မိမိတို့နှစ်နိုင်ငံအတွက်သာမက အာဆီယံနိုင်ငံများအတွက်ပါ အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် ပြည်သူအချင်းချင်း ဆက်ဆံမှုများကိုလည်း တိုးမြှင့်ဆောင်ရွက်လိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

အထောက်အကူပြု

ထို့နောက် နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေးရာတွင် **မြန်မာနှင့် အင်ဒိုနီးရှားတို့၏ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံအကျိုးအတွက်သာမက ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူပြုစေမည်ဟု ယုံကြည်ပါကြောင်း။**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါ
ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်
သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒို
ကိုယ်စားလှယ်အဖွဲ့ဝင်များ ဂျကာတာမြို့
နန်းတော် **Reception Hall** ၌ တွေ့ဆ

ပိုမိုခိုင်မာ

**လွန်ခဲ့သည့် နှစ်ပေါင်း(၆၀)ကျော်အ
ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန် န
တိုးတက်အောင်ဆောင်ရွက်ရင်း နှစ်နိုင်ငံအ
ရင်းနှီးမှုကို ပိုမိုခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့**

**၂၀၁၁ ခုနှစ် ဇန်နဝါရီလအထိ စာရ
နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် အင်ဒိုနီး
လာရောက်ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ရင်းနှီးမြ
အဆင့်(၁၀)နေရာတွင်ရှိပါကြောင်း၊ နှစ်နိုင်င
ပိုမိုတိုးတက်လာစေရန် နည်းလမ်းများကို ရှ
သာမက ပုဂ္ဂလိကကဏ္ဍမှာပါ ရင်းနှီးမြှုပ်နှံမှု
ဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်း။**

တိုးမြှင့်ဆောင်ရွက်

**နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်း ပ
ပတ်သက်၍ မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှား
ယဉ်ကျေးမှုအဆောက်အအုံများ၊ သဘာဝရှုခ
များရှိသည့် နိုင်ငံများဖြစ်၍ ခရီးသွားလုပ်ငန်း
မှုကို ယခုထက်ပို၍ တိုးမြှင့်ဆောင်ရွက်သွ
ပါကြောင်း။**

**နှစ်နိုင်ငံအကြား လေယာဉ်ခရီးစဉ်ပျံသ
စင်ကာပူ-အင်ဒိုနီးရှားခရီးစဉ်ကို ပျံသန်းနိုင
နေပါကြောင်း၊ နှစ်နိုင်ငံအကြား ကဏ္ဍစုံ ပူ
ပတ်သက်၍ အသေးစိတ်အချက်အလက်မျာ
မြန်မာနိုင်ငံ၌ကျင်းပရန် စီစဉ်ထားသော နှစ်န**

...ျိုးတိုးတက်မှုကို အထောက်အကူပြု ...ကြိုးပမ်းဆောင်ရွက်သွားမည်

...တ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

...လေးအနက်ထောက်ခံ ...းစဉ် အောင်မြင်မည်ဟု ယုံကြည်

ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနို

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ ဂျကာတာမြို့ **Istana Merdeka** နန်းတော် **Reception Hall** ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ပိုမိုခိုင်မာ

လွန်ခဲ့သည့် နှစ်ပေါင်း(၆၀)ကျော်အတွင်း မိမိတို့နှစ်နိုင်ငံသည် ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန် နားလည်မှုများကို မှန်မှန် တိုးတက်အောင်ဆောင်ရွက်ရင်း နှစ်နိုင်ငံအကြားတည်ရှိသော ချစ်ကြည် ရင်းနှီးမှုကို ပိုမိုခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

၂၀၁၁ ခုနှစ် ဇန်နဝါရီလအထိ စာရင်းဇယားများအရ မြန်မာ နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် အင်ဒိုနီးရှားနိုင်ငံ ကုမ္ပဏီ(၁၂)ခုမှ လာရောက်ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ရင်းနှီးမြှုပ်နှံသည့်နိုင်ငံများအနက် အဆင့်(၁၀)နေရာတွင်ရှိပါကြောင်း၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်လာစေရန် နည်းလမ်းများကို ရှာဖွေသွားပြီး အစိုးရပိုင်းသာမက ပုဂ္ဂလိကကဏ္ဍမှာပါ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်လာအောင် ကြိုးပမ်း ဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်း။

တိုးမြှင့်ဆောင်ရွက်

နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် သမိုင်းဝင် ယဉ်ကျေးမှုအဆောက်အအုံများ၊ သဘာဝရှုခင်းများ၊ ပင်လယ်ကမ်းခြေများရှိသည့် နိုင်ငံများဖြစ်၍ ခရီးသွားလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်မှုကို ယခုထက်ပို၍ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

နှစ်နိုင်ငံအကြား လေယာဉ်ခရီးစဉ်ပျံသန်းရေးအတွက် ရန်ကုန်-စင်ကာပူ-အင်ဒိုနီးရှားခရီးစဉ်ကို ပျံသန်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ နှစ်နိုင်ငံအကြား ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ယခုနှစ်ကုန်ပိုင်းတွင် မြန်မာနိုင်ငံ၌ကျင်းပရန် စီစဉ်ထားသော နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်၏ ဒုတိယအကြိမ် အစည်းအဝေးတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့်အတူ ဆွေးနွေးသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့ စနစ်ပြောင်းလဲသွား၍ စီးပွားရေးစနစ်တွင် ပိုမိုပွင့်လင်းစွာ ပြောင်းလဲမှုများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများစွာရှိသည့်အတွက် လယ်ယာ၊ သတ္တု၊ စက်မှု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ စသည့် ကဏ္ဍများစွာတွင် အင်ဒိုနီးရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လိုပါကြောင်းဖြင့် ဆွေးနွေးပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ စီးပွားရေးမူဝါဒ၊ လူ့အခွင့်အရေးတို့နှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အခြေခံမှုများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် နိုင်ငံခြားရေးမူဝါဒဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

နိုင်ငံတော်သမ္မတ၏ ဆွေးနွေးပြောကြားချက်များအပေါ် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတက ပြန်လည်ဆွေးနွေးရာတွင် **နှစ်နိုင်ငံဆက်ဆံရေးနှင့်ပတ်သက်၍ အဆွေတော်၏ အကြံဉာဏ်နှင့် စိတ်ကူးစိတ်သန်းများကို ကြိုဆိုထောက်ခံပါကြောင်း၊ အဆွေတော်၏** အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ထောက်ခံပါကြောင်း။

ပူးပေါင်းဆောင်ရွက်

လာမည့်နိုဝင်ဘာလတွင် ဘာလီ၌ပြုလုပ်မည့် အာဆီယံထိပ်သီးအစည်းအဝေး ကာလအတွင်း အာဆီယံမိသားစုများအားလုံးပါဝင်သည့် အာဆီယံပြပွဲတစ်ရပ်ကို ကျင်းပရန် အာဆီယံခေါင်းဆောင်များအား အဆိုပြုမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှလည်း ယင်းပြပွဲတွင် ပါဝင်ပြသစေလိုပါကြောင်း၊ အာဆီယံအနေဖြင့် ဒေသ၏ နိုင်ငံရေး လုံခြုံရေးများကိုသာမက ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံရေးများကိုပါ ဆောင်ရွက်နေကြောင်းနှင့် အာဆီယံမိသားစု အသိုက်အဝန်းဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်နေကြောင်းကို ယင်းပြပွဲတွင် ပါဝင်ခြင်းဖြင့် ပြည်သူများသို့ ပြသလိုပါကြောင်း၊ ရှေ့ဆက်လက်၍ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲကို ညနေ ၅ နာရီ ၁၀ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဆွေးနွေးခြင်းမှ ကောက်နုတ်ချက်

❒ မြန်မာနှင့် အင်ဒိုနီးရှားတို့၏ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံအကျိုးအတွက် သာမက ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူပြုစေမည်ဟု ယုံကြည်။

❒ လွန်ခဲ့သည့် နှစ်ပေါင်း (၆၀)ကျော်အတွင်း မိမိတို့ နှစ်နိုင်ငံသည် ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန် နားလည်မှုများကို မှန်မှန်တိုးတက်အောင် ဆောင်ရွက်ရင်း နှစ်နိုင်ငံအကြား တည်ရှိသော ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့။

❒ နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် သမိုင်းဝင် ယဉ်ကျေးမှုအဆောက်အအုံများ၊ သဘာဝရှုခင်းများ၊ ပင်လယ်ကမ်းခြေများရှိသည့် နိုင်ငံများဖြစ်၍ ခရီးသွားလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်မှုကို ယခုထက်ပို၍ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်။

❒ နှစ်နိုင်ငံအကြား ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ယခုနှစ်ကုန်ပိုင်းတွင် မြန်မာနိုင်ငံ၌ကျင်းပရန် စီစဉ်ထားသော နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်၏ ဒုတိယအကြိမ်အစည်းအဝေးတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့်အတူ ဆွေးနွေးသွားနိုင်မည်ဟု ယုံကြည်။

❒ မိမိတို့ စနစ်ပြောင်းလဲသွား၍ စီးပွားရေးစနစ်တွင် ပိုမိုပွင့်လင်းစွာ ပြောင်းလဲမှုများ ပြုလုပ်သွားမည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနို၏ ဆွေးနွေးခြင်းမှ ကောက်နုတ်ချက်

❒ မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အဆွေတော်ဦးဆောင်သည့် အစိုးရသစ်အဖွဲ့သည် နိုင်ငံ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများအကျိုးအတွက် ပိုမိုဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်။

❒ နိုင်ငံရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရန် ကြိုးပမ်းမှုများအပေါ် မိမိအနေဖြင့် အလေးအနက် ထောက်ခံ၊ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းရေးလုပ်ငန်းစဉ်မှာ အောင်မြင်မည်ဟု ယုံကြည်။

❒ မြန်မာနိုင်ငံ၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နယ်မြေတည်တံ့ရေးတို့အတွက် ဆောင်ရွက်ချက်များကို ထောက်ခံ၊ စီးပွားရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏကို ၂၀၁၅ ခုနှစ်မတိုင်မီ အမေရိကန်ဒေါ်လာ သန်း ၅၀၀ အထိ တိုးမြှင့်နိုင်ရန် ရည်မှန်းချက်ထားရှိ။

❒ မြန်မာနိုင်ငံတွင် စီးပွားရေးအလားအလာကောင်းများစွာရှိပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်များတွင် အင်ဒိုနီးရှားနိုင်ငံမှ ပါဝင်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လို။

❒ မိမိအနေဖြင့် နှစ်နိုင်ငံအကြား လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင်လည်း ပူးပေါင်းဆောင်ရွက်ရန် အကြံပြုလို၊ ယင်းသို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စပါးစိုက်ပျိုးမှုတိုးချဲ့ပြီး ဆန်ပိုမိုထွက်ရှိ တင်ပို့နိုင်မည်ဆိုပါက မိမိတို့နှစ်နိုင်ငံအတွက်သာမက အာဆီယံနိုင်ငံများအတွက်ပါ အကျိုးဖြစ်ထွန်းစေမည်။

မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ-၂၀၁၁ တွင် ပွင့်ကောင်း ရဲယိုဆေးဝါးများ ပါဝင်ခင်းကျင်းပြသခဲ့

ရန်ကုန် မေ ၉

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် တပ်မတော်ခန်းမ၌ ခင်းကျင်းပြသခဲ့သော မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ-၂၀၁၁ တွင် ပွင့်ကောင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ပွင့်ကောင်းအမှတ်တံဆိပ် ရဲယိုပျားရည်၊ အကြောပြေဒဏ်ကျေလိမ်းဆေးနှင့် အကြောပြေရှုလိမ်းဆီတို့ကို ပါဝင်ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ပွင့်ကောင်း အမှတ်တံဆိပ် ရဲယိုပျားရည်သည် ရဲယိုသီးအနှစ်နှင့် သဘာဝပျားရည်ဖြင့် ဖော်စပ်ထားကြောင်း၊ လေးဖက်နာ၊ ဂေါက်ရောဂါ၊ အဆစ်အမျက်ရောင်ရောဂါနှင့် နာကျင်ကိုက်ခဲမှု ဝေဒနာအမျိုးမျိုး၊ ခုခံအားကျဆင်းသည့်ရောဂါ၊ မြစ်ပွားနာ၊ အဖုအကျိတ်အမျိုးမျိုး၊ သွေးတိုး၊ နှလုံး၊ လေငန်းနှင့် အာရုံကြောရောဂါများ၊ အသည်းရောဂါ၊ သွေးနီဥ အားနည်းရောဂါ၊ အစာအိမ်ရောဂါ၊ ဝမ်းကိုက်ရောဂါ၊ ချောင်းဆိုးရင်ကျပ် စသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ သွေးတွင်းအဆီဓာတ်များခြင်း၊ အားအင်ကုန်ခန်းခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အိပ်မပျော်ခြင်းစသည့် ရောဂါဝေဒနာများကို သက်သာပျောက်ကင်းစေကြောင်း၊ ကိုယ်ခံစွမ်းအားကို ကောင်းမွန်စေပြီး ခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်စဉ်များကို ထိန်းညှိပေးကြောင်း သိရသည်။

နာကျင်ကိုက်ခဲ၊ အကြောတက်ဝေဒနာရှင်များအတွက် ပွင့်ကောင်း အမှတ်တံဆိပ်အကြောပြေဒဏ်ကျေလိမ်းဆေးနှင့် အကြောပြေရှုလိမ်းဆီဟူ၍ နှစ်မျိုးထုတ်လုပ်ထားကြောင်း၊ အကြောပြေရှုလိမ်းဆီမှာ အသားထဲသို့ စိမ့်ဝင်အားကောင်းသည့်အတွက် အရိုးတွင်ဖြစ်ပေါ်တတ်သည့် ကျီးပေါင်းရောဂါကို သက်သာပျောက်ကင်းစေကြောင်း၊ ပွင့်ကောင်းတိုင်းရင်းဆေးများကို တိုက်(၈) အခန်း(၈)စပါယ်လမ်း ယုဇနပလာဇာအနောက်ဘက် မင်္ဂလာတောင်ညွန့် ဖုန်း-၀၉-၅၁၆၀၉၃၃၊ ၀၉-၇၃၀၃၂၁၃၂၊ ၀၉-၅၃၆၆၂၁၆ တို့ထံသို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တောင်ပိုင်းဒေသများ၌ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၉

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ကာ တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မေ ၁၀ ရက်ညနေအထိခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများပိုလာမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံတကာအားကစား

မြင့်မောင်စိုး- ရေးသားသည်

၁၉ လုံးမြောက် ပရီမီယာလိဂ်ဖလား မန်ယူအတွက် ဖာဂူဆန်ရယူပေးမည်

လန်ဒန် မေ ၉

မန်ယူအသင်းသည် မေ ၈ ရက် ညပိုင်းက ပြိုင်ဘက် ချယ်လ်ဆီးအသင်းကို အနိုင်ရပြီးနောက် ၁၉ လုံးမြောက် ပရီမီယာလိဂ် ဖလားကို ရယူမည် ဖြစ်ကြောင်း နည်းပြ ဖာဂူဆန်က ပြောကြားသည်။ **(ယာပုံ)**

လက်ရှိချန်ပီယံချယ်လ်ဆီးအသင်းသည် မတ်လအတွင်းက မန်ယူနောက်မှ ၁၅ မှတ်အကွာဖြင့် ရပ်တည်နေရာမှ မန်ယူနှင့်အပြိုင်ဖလားလုပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးတို့ ယင်းပြိုင်ပွဲအနိုင်ရလျှင် ဂိုးကွာခြားချက်ဖြင့် ဇယားထိပ်တက်သွားပြီး ဖလားရနိုင်သည်။ သို့သော် မန်ယူ၏အနိုင်ပွဲကြောင့် ဖလားလက်လွတ်လုနီးပါးဖြစ်ခဲ့ရသည်။ မန်ယူတို့ ယင်းပွဲအနိုင်ရလိုက်ခြင်းသည် ၂၀၁၀ခုနှစ် ဧပြီလနောက်ပိုင်း အိမ်ကွင်းရှုံးပွဲမရှိစံချိန်ကိုလည်း ထိန်းထားနိုင်ခဲ့ခြင်းဖြစ်သည်။

ယှဉ်ပြိုင်ကစားမည်

လာမည့် မေ ၁၄ ရက်တွင် မန်ယူနှင့်ဘလက်ဘန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် မန်ယူအသင်းအနေဖြင့် သရေကစားနိုင်လျှင် ၁၉ လုံးမြောက်ပရီမီယာလိဂ်ဖလားကို လက်ဝယ်ပိုင်ပိုင်ရရှိမည်ဖြစ်သည်။ မန်ယူတို့ ပရီမီယာလိဂ်ဖလားကို ပြန်လည်ရရှိနိုင်မှုနှင့်အတူ ချန်ပီယံလိဂ်ဗိုလ်လုပွဲအတွက် ဖလားဆွတ်ခူးရန် ခွန်အားတစ်ရပ်ဖြစ်လာသည်။ လာမည့် မေ ၂၈ ရက်တွင် ဝင်ဘလေကွင်းကြီး၌ မန်ယူနှင့် ဘာစီလိုနာတို့ ချန်ပီယံလိဂ်ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(အင်တာနက်)

နိုင်ငံတကာသတင်းများ

ဆိုးလ် မေ ၉

တောင်ကိုရီးယားရေတပ်တွင် ပထမဆုံးသော အမျိုးသမီးစစ်ဘက်လေယာဉ်မှူးအဖြစ် အသက် ၂၆ နှစ်အရွယ်ရှိ လီဂျိုယွန်းဆိုသူကို ခန့်အပ်တာဝန်ပေးအပ်ခဲ့သည်။ သူမသည် ရေတပ်ကင်းလှည့် လေယာဉ် p-3C ၏ လေယာဉ်မှူးအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ **(ယာပုံ)**

ဗိုလ်မှူးလီဂျိုယွန်းသည် ယခုနှစ် ဧပြီ ၂၂ ရက်က တွဲဖက်လေယာဉ်မှူးသင်တန်းကို အောင်မြင်ပြီးမြောက်ခဲ့ပြီး အခြေခံလေယာဉ်မောင်းအတတ်တစ်နှစ်သင်တန်းပြီးဆုံး၍ လက်တွေ့ပျံသန်းမှုကိုလည်း မေ ၃ ရက်က အောင်မြင်ခဲ့သည်။

လီဂျိုယွန်းသည် နေ့ညလေကြောင်းပျံသန်းမှုများ၊ ကင်းထောက်လှမ်းရေးပျံသန်းမှုများ၊ စစ်ဆင်ရေးပျံသန်းမှုများ စသည်ဖြင့် ပြင်းထန်သည့် သင်တန်းလေ့ကျင့်ခန်းများကို ဖြတ်ကျော်အောင်မြင်ခဲ့သူဖြစ်သည်။

လီဂျိုယွန်းသည် ပင်လယ်ပြင်လေကြောင်း ကင်းထောက်လေတပ်တွင် တာဝန်ထမ်းဆောင်မည်ဖြစ်ပြီး ရေပြင်လှည့်ကင်း တာဝန်၊ စစ်သတင်းရယူမှုနှင့် ရေငုပ်သင်္ဘောများ၏ရန်ကိုတုံ့ပြန်သည့်စစ်ဆင်ရေးများတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ-ရေးသားသည်

နယူးဂျာစီ၌ ရထားလမ်းချော် ခရီးသည် ၅၀ ခန့် ဒဏ်ရာရရှိ

နယူးယောက် မေ ၉

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် ဟိုဘိုကင်မြို့တွင် မေ ၈ ရက်က ခရီးသည်တင်ရထားတစ်စင်း လမ်းချော်မှုဖြစ်ပွားခဲ့ရာ ခရီးသည် ၅၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း အေဘီစီ သတင်းဌာနက သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

ဖြစ်ပွားခဲ့

ရထားလမ်းချော်မှုမှာ မေ ၈ ရက် နံနက် ၉ နာရီခန့်က ဟိုဘိုကင်မြို့ ဘူတာရုံရှိ အီရီလက်ကာ ဝမ်နာရထားစကြံ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တင်ပို့ပေး

လမ်းချော်မှုဖြစ်ပွားပြီးမကြာမီ ကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိလာပြီး ဒဏ်ရာရရှိသူများကို ဟိုဘိုကင်တက္ကသိုလ်ဆေးရုံသို့ တင်ပို့ပေးခဲ့သည်။ ရထားလမ်းချော်မှု နှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ



ပါကစ္စတန်တွင် ဗုံးသုံးလုံးပေါက်ကွဲ၊ နှစ်ဦးသေဆုံးပြီး ၁၀ ဦးဒဏ်ရာရ

အစ္စလမ္မာဘတ် မေ ၉

ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် မေ ၈ ရက်က ဗုံးသုံးလုံးပေါက်ကွဲမှုဖြစ်ပွားရာ ပါကစ္စတန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး ၁၀ ဦးဒဏ်ရာရရှိသည်။ ဒဏ်ရာရသူများအနက် ငါးဦးမှာ ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မြောက်ဝါဇီရစ္စတန် ဆာဂျာဒေသတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်စဉ် လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးကာ အခြားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။

နောက်ဗုံးတစ်လုံးမှာ ပက်ရှ်ဝါမြို့အနောက်မြောက်ပိုင်းမြို့စွန်ရှိ စီရင်စုနယ်မြေ အုပ်ချုပ်ရေးအရာရှိ တစ်ဦး၏ နေအိမ်အပြင်ဘက်တွင် ပေါက်ကွဲခဲ့ပြီး လေးဦးဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရသူလေးဦးမှာ ထိုအရာရှိ၏ ဆွေမျိုးတော်စပ်သူများဖြစ်ကြောင်း၊ တိုက်ခိုက်ရေးသမားများက ၎င်း၏အိမ်နားရှိဓာတ်မီးတိုင်တွင် ဗုံးထောင်ထားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ယင်းအချိန်အတောအတွင်း အခြားတစ်နေရာတွင်လည်း လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲပြန်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်ငါးဦး ထိခိုက်ဒဏ်ရာများရရှိသွားကြသည်။ ဗုံးမှာလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ကားအနီး ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)** ထိုကားလည်း ယင်းဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားခဲ့သည်။ **(အင်တာနက်)**

10-5 (10).pmd 1 5/10/2011, 3:41 AM

ကလေးငယ်များ စည်းကမ်းကောင်းမွန်ရေး လေ့ကျင့်သင်ကြားပေး

နေပြည်တော် မေ ၉

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် တိုင်းဒေသကြီး ပညာရေးနှင့်ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကျော်မင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၆ ရက် နံနက်ပိုင်းက လေ့ကျင့်ရေးအခြေခံပညာ အလယ်တန်းကျောင်း(မကွေး)နှင့် ပညာရေးကောလိပ် (မကွေး)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပညာရေးကောလိပ် အားကစားခန်းမ၌ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းများသို့ တက်ရောက်နေကြသည့် သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံသည်။

ပညာရေးကောလိပ်(မကွေး)တွင် တက္ကသိုလ်ဝင်တန်းအောင် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာ သင်တန်းအမှတ်စဉ်(၁၅)၌ မကွေးတိုင်းဒေသကြီး ၂၅ မြို့နယ်မှသင်တန်းသား ၇၄ ဦး၊ သင်တန်းသူ ၁၆၄ ဦး၊ ဘွဲ့ရ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာသင်တန်း အမှတ်စဉ်(၇)၌ သင်တန်းသား ၂၄ ဦး၊ သင်တန်းသူ ၂၅၃ ဦး၊ မကွေးတိုင်းဒေသကြီး ၂၅ မြို့နယ်နှင့် ချင်းပြည်နယ်တို့ရှိ လုပ်ငန်းခွင်များမှ အလယ်တန်းပြ၊ မူလတန်းကျောင်းအုပ်နှင့် မူလတန်းပြသင်တန်းသားဆရာ ၂၆ ဦး၊ သင်တန်းသူဆရာမ ၁၆၂ ဦးတို့ တက်ရောက်လျက်ရှိကြောင်း သိရသည်။

ဆွေးနွေးမှာကြား

ထိုသို့တွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းခွင်သို့ရောက်ရှိသည့်အခါ မိမိတို့ သင်ကြားရသော ဘာသာရပ်အလိုက် ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားနိုင်ရေးအပြင် ကလေးငယ်များအား ကိုယ်ကျင့်တရားကောင်းမွန်အောင်၊ စည်းကမ်းကောင်းမွန်အောင်နှင့် တိုင်းပြည်ချစ်စိတ်ရှိအောင် စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

ကသာမြို့နယ်၌ အရှည်ပေ ၃၀၀၀၊ အကျယ် ၁၂ ပေရှိ ကသာ-ပုလွေရွှေ-သာယာကုန်းလမ်း ကျောက်ချောလမ်းခင်းခြင်းအား အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်သန်းနှင့်အဖွဲ့ ဆောင်ရွက်နေမှုကို မေ ၅ ရက်က အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဗိုလ်မြင့်တို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ဓာတုဗေဒကျောင်းသားဟောင်းများ တွေ့ဆုံပွဲကျင်းပမည်

ရန်ကုန် မေ ၉

၁၉၉၄ ခုနှစ် ဒီဇင်ဘာကျောင်းပြီးသည့် ရန်ကုန်တက္ကသိုလ် ဓာတုဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲကို မေ ၁၄ ရက် (စနေနေ့) ညနေ ၅ နာရီတွင် မင်းရဲကျော်စွာလမ်းနှင့် ဝါးတန်းလမ်းထောင့်ရှိ ပန်ဒါဟိုတယ် စားသောက်ဆိုင်ခန်းမ (A) ၌ ကျင်းပမည်ဖြစ်ရာ သူငယ်ချင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိရှိလိုပါက ညီညီကျော် ဖုန်း-၀၉-၅၁၃၇၂၂၉၊ ဉာဏ်ထွန်း ဖုန်း-၀၉-၇၃၀၃၅၅၄၃၊ ဝင်းပပန္နယ် (ဖောင်ကြီး ပပ) ဖုန်း-၀၉-၇၃၀၇၅၉၇၅၊ ကြည်ကြည်အေး ဖုန်း-၀၉-၅၀၈၆၂၅၄၊ နိုင်နိုင်ဦး (RC-1) ဖုန်း-၀၉-၅၁၉၆၄၃၃၊ ၀၁-၅၀၄၅၈၃ နှင့် ဇော်ဝင်း ဖုန်း-၀၉-၇၃၀၀၈၂၂၀ တို့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(၀၅၆)**

ပညာ့အလင်းစာကြည့်တိုက်သစ်ဖွင့်

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ် အလုံမြောက်ကျေးရွာ ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၅ရက် နံနက် ၉ နာရီက အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သူဇာနှင့် အလုံမြောက်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်ဦးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်းက အမှာစကားပြောကြားပြီး ဟင်္သာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးဝင်းရှိန်က စံ(၅)ချက်နှင့် ပြည့်စုံသော စာကြည့်တိုက်များအကြောင်းနှင့် စာဖတ်ခြင်း အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

လက်ခံယူ

ဆက်လက်၍ အလုံမြောက်စာကြည့်တိုက်အတွက် အလှူရှင်များက အလှူငွေများနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ငွေပဒေသာပင် ငွေကျပ်ခြောက်သောင်းနှင့် စာအုပ်စာစောင် အုပ်ရေ ၇၅၀ ကို တာဝန်ရှိသူများက လက်ခံယူကြသည်။

စာကြည့်တိုက် အဆောက်အအုံသစ်မှာ နိုင်ငံတော်မတည်ငွေ အပါအဝင် ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေ စုစုပေါင်းငွေကျပ် ၂၄၅၀၀၀၀ ဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး အလျား (၂၄×၂၀)ပေ ကျယ်ဝန်းသည့် သွပ်မိုး၊ ကျွန်းသစ်ကာ၊ ကျွန်းသစ်ခင်းအဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၉

မြန်မာ့မီးရထား စာကြည့်တိုက်ဖွင့်

မေ ၁ ရက်တွင် ကျရောက်သော မြန်မာ့မီးရထား၏ (၁၃၄)နှစ်မြောက် အထိမ်းအမှတ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် မြန်မာ့မီးရထား စာကြည့်တိုက်ဖွင့်ပွဲကို မေ ၃ ရက် ညနေ ၃ နာရီက မြန်မာ့မီးရထားရုံးချုပ် နေပြည်တော်ဘူတာကြီး၌ ကျင်းပရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက စာကြည့်တိုက်အတွက် စာအုပ်များနှင့်အလှူငွေများ ပေးအပ်လှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။(အပေါ်ပုံ) ***အဆိုပါ မြန်မာ့မီးရထား စာကြည့်တိုက်ကို မြန်မာ့မီးရထားဝန်ထမ်းများ အသိပညာတိုးပွားစေရန်နှင့် ဗဟုသုတကြွယ်ဝစေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။***

(သတင်းစဉ်)

ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းရန်နှင့် ဘုရားကုန်းဟောင်းများအား ပြန်လည်တူးဖော်ထိန်းသိမ်းရန် လှူဒါန်းနိုင်

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးကြပ်၍ ပုဂံဒေသရှိ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများအား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင် မွမ်းမံလျက်ရှိပါသည်။

ဘုရားစေတီတစ်ဆူချင်းပြုပြင်ရန် (၁၂၃)ဆူကျန်ရှိပြီး တစ်ဦးချင်းဖြစ်စေ၊ စုပေါင်းလှူဒါန်းမှုဖြင့်ဖြစ်စေ စေတနာရှင်များက လှူဒါန်းလျက်ရှိသည့်နည်းတူ နဝကမ္မအလှူငွေများကိုလည်း လက်ခံ၍ စုပေါင်း အလှူငွေဖြင့် ပြုပြင်ပေးလျက်ရှိပါသည်။

ပုဂံဒေသရှိ အချို့ဘုရားပုထိုးများမှာ ယိုယွင်းပြိုကျမြေခပျက်စီးခဲ့ရာ မြေကုန်းကြီးများသဖွယ် တည်ရှိနေသည့် အုတ်ကုန်းပေါင်း (၈၉၂)ကုန်းကိုလည်း ပြန်လည်တူးဖော်ပြီး ပုဂံဘုရားများပုံစံအတိုင်း ရှေးမူမပျက် ပြုပြင်တည်ထားလျက်ရှိပါသည်။

သို့ပါ၍ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများ ပြုပြင်ရန်အတွက်လည်းကောင်း၊ ဘုရားကုန်းဟောင်းများ တူးဖော်ပြုပြင်ထိန်းသိမ်းရန်အတွက်လည်းကောင်း ပါဝင်လှူဒါန်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

လှူဒါန်းနိုင်သည့် နေရာဌာနများ

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၁၄

၂။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၀၄၀၊ ၄၀၈၀၂၇

၃။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ
၃၂-ဒီ၊ ခြောက်မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၁၅၀၅၄၊ ၅၁၂၁၃၇

၄။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ပုဂံမြို့
ဖုန်း-၀၆၁-၆၀၂၆၉

၅။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ
မန္တလေးမြို့
ဖုန်း-၀၂-၇၆၁၅၂

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ် ၂၂၈၊ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

အမြင့်သစ်စာကြည့်တိုက် နှစ်ပတ်လည်အခမ်းအနားနှင့် ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မြို့သစ်(ဂ) ရပ်ကွက် အမြင့်သစ်စာကြည့်တိုက်နှစ်ပတ်လည်အခမ်းအနားကို မေ ၁ ရက် ညနေ ၆ နာရီက ရပ်ကွက်မှော်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက အမှာစကားပြောကြားပြီး စာကြည့်တိုက် နှစ်ပတ်လည် အစီရင်ခံစာကို စာကြည့်တိုက်ကော်မတီဝင် ဦးကျော်သိန်းက ဖတ်ကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းကိုယ်စား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းကြည်က ငွေကျပ် ၃၀၀၀၀တန်ဖိုးရှိ စာအုပ်စာစောင် အုပ်ရေ ၂၀၀ ကို လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင် ဦးကျော်သိန်းက လက်ခံယူသည်။

ထို့နောက် စာကြည့်တိုက်စွမ်းဆောင်မှု ပထမဆုရ ဦးသိန်းကြီး၊ ဒုတိယဆုရ ဦးထွန်းလှနှင့် တတိယဆုရ ဦးသိန်းခိုင်ဝင်းတို့အား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူက ဆုချီးမြှင့်ပြီး အထူးဆု၊ နှစ်သိမ့်ဆု၊ နှစ်လုံးပေါက် စာအုပ်အလှူရှင်နှင့် ငွေသားအလှူရှင်တို့အား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ (ဝဲပုံ) *(ခရိုင် ပြန်/ဆက်)*

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ

ရန်ကုန် မေ ၈

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် သွားလာမှုလွယ်ကူချောမွေ့ရေးတို့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မန္တလေးလမ်းရှိ ရေနုတ်မြောင်းရေစီးရေလာကောင်းမွန်စေရန် တူးဖော်ခြင်းနှင့် အမှိုက်သရိုက်နှင့်နုန်းများ သယ်ယူရှင်းလင်းခြင်း ဆောင်ရွက်မှုတို့ကို ရန်ကုန်မြို့တော်ဝန်၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဦးလှမြင့်သည် မေ ၇ ရက် နံနက် ၇ နာရီက ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြို့တော်ဝန်သည် မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းရောင်လမ်းရှိ သိမ်ဖြူဈေးရှေ့၌ အမှိုက်သိမ်းယာဉ်၊ အမှိုက်သိမ်းကန်ဖြင့် စွန့်ပစ်အမှိုက်များ သိမ်းဆည်းနေမှု၊ ကြည့်မြင်တိုင်မြို့နယ် အောက်ကြည့်မြင်တိုင်လမ်းရှိ တွင်းချောင်းရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရန် အမှိုက်သရိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှုနှင့် ရေစီးရေလာအခြေအနေ၊ ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်း၌ အမှိုက်သိမ်းယာဉ်၊ အမှိုက်သိမ်းကန်ဖြင့် စွန့်ပစ်အမှိုက်များ သိမ်းဆည်းနေမှု၊ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းဆုံမှ ကမာရွတ်ချောင်းအထိ လူသွားလမ်းကွန်ကရစ်လမ်းများခင်းနေမှုနှင့် ပြီးစီးမှု၊ လှိုင်မြို့နယ် ပိတောက်ချောင်းမှ ကမာရွတ်ချောင်းအထိ ဘုရင့်နောင်လမ်းခြောက်လမ်းသွားလမ်းအပြည့် ကတ္တရာကွန်ကရစ်ထပ်ပိုးခင်းနေမှု၊ မရမ်းကုန်းမြို့နယ်နှင့် လှိုင်မြို့နယ်အကြား မင်းဓမ္မလမ်းရှိ သမိုင်းချောင်း၊ တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်းရှိ ကျိုက္ကဆံချောင်း၊ တာမွေမြို့နယ် မြန်မာ့ဂုဏ်ရည်လမ်းရှိ နတ်ချောင်းရေနုတ်မြောင်းတို့၏ ရေစီးရေလာအခြေအနေများနှင့် စက်ယန္တရားဖြင့် အမှိုက်သရိုက်နှင့် နုန်းများဆယ်ယူရှင်းလင်းနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြို့နယ် သတင်း ထွေတလာ

နွေစပါး စိုက်ပျိုးစရိတ်ချေးငွေများ ယင်းမာပင်၌ ပေးအပ်

ယင်းမာပင် မေ ၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ယင်းမာပင်မြို့နယ် ကုန်းရွာ ကျေးရွာအုပ်စုအောင်ရတနာ လယ်/ထွေ သမဝါယမအသင်း စတုတ္ထအကြိမ် စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲကို ဧပြီ ၄ ရက်က အဆိုပါအသင်း အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ဌေးက အသင်းသားတောင်သူ ၄၀ အတွက် နွေစပါးစိုက်ပျိုးစရိတ်ချေးငွေကျပ် ၂၅ သိန်းကို အောင်ရတနာလယ်/ ထွေသမဝါယမအသင်းဥက္ကဋ္ဌ ဦးထိုက်ဝေထံ ပေးအပ်ခဲ့သည်။

(အောက်ပုံ)

(မြို့နယ် ပြန်/ဆက်)

လက်ခံယူ

ပြင်ဦးလွင်မြို့(၈)မိုင် သုသာန်မီးသင်္ဂြိုဟ်စက်နှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် မန္တလေးမြို့ ညိမ်းဆေးကုခန်းပိုင်ရှင် ဦးမောင်မောင်-ဒေါ်ခင်စန်းရီ၊ သားသမီး၊ မြေးတစ်စုက အလှူငွေကျပ်သိန်း ၁၅၀ ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၂၂ ရက်က ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အလှူငွေကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (မြန်မာ့အလင်း)

မြေကြီးမြေပုံ မှန်ကန်ရေးဆောင်ရွက်

ရွှေတောင် မေ ၈

ပဲခူးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးမျိုးဦးသည် ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးစိုးဝင်းနှင့်အတူ ရွှေတောင်မြို့နယ် မြေစာရင်းဦးစီးဌာနတွင် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လယ်ယာကဏ္ဍစာရင်းများမှန်ကန်ရေး၊ မြေကြီးမြေပုံမှန်ကန်ရေးကိစ္စများနှင့်ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၏ စီမံချက်ချမှတ်ဆောင်ရွက်ရန် မှာကြားချက်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်တွင် လယ်ယာကဏ္ဍစာရင်းများမှန်ကန်ရေး၊ မြေကြီးမြေပုံမှန်ကန်ရေးကို ရှေ့ပြေးစီမံချက်အဖြစ် တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဧပြီ ၁၀ရက်မှစတင်၍ တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်မြေစာရင်းဦးစီးဌာန)

တိရစ္ဆာန်များအား ရောဂါကာကွယ်ဆေးထိုး

မိုးညှင်း မေ ၈

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါက်တာဝင်းဦးနှင့် ဝန်ထမ်းများသည် ဧပြီ ၁၉ ရက်မှ ၂၂ ရက်အထိ မိုးညှင်းမြို့နယ် ပင်လုံ၊ မော်ဟန်၊ ဆယ်မိုင်၊ ညောင်ကိုင်းနှင့် နန့်ပုတ်ကျေးရွာအုပ်စုများရှိ ကျွဲ ၆၀၉ ကောင်၊ နွား ၁၁၃၆ ကောင် စုစုပေါင်း ၁၇၄၅ကောင်ကို လည်ချောင်းကွဲရောဂါကာကွယ်ဆေးထိုးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ဟောပြော

ဧပြီ ၂၀ ရက်တွင် မော်ဟန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ဒေါက်တာဝင်းဦးက တိရစ္ဆာန်ရောဂါကာကွယ်ခြင်း၊ ကုသခြင်း၊ ကြက်ငှက်တုပ်ကွေးရောဂါ၊ ဝက်နားရွက်ပြာရောဂါနှင့် ခွေးရူးရောဂါများအကြောင်း ပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ချောင်းသာကမ်းခြေအဝင်မြေယာရှုခင်းအလှပြုပြင်ထားမှုကို မေ ၅ ရက်က တွေ့ရစဉ်။ (မြို့နယ်စည်ပင်)

စလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်အတွင်း အရိပ်ရပင်၊ ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုကို မေ ၃ ရက်က မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မောင်သန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



ရေနံ့ချောင်းမြို့နယ် မြို့မမြောက် သပြေတန်းရပ်ကွက် စလင်းတန်းလမ်း ရေဆိုးမြောင်းကူးပွန်တံတား တည်ဆောက်ပြီးစီးမှုကို မတ် ၁၆ ရက်က အမှုဆောင်အရာရှိ ဦးသင်းဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးလှထွေးတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့အဝင်လမ်းဘေးဝဲယာတစ်လျှောက် ပန်းအလှပင်များ မြေယာရှုခင်းအလှပြုပြင်ခြင်းကို မေ ၂ ရက်က အမှုဆောင်အရာရှိနှင့်တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ညောင်ရွှေမြို့နယ် ဖောင်တော်ဆိုက်လမ်း ကျောက်လမ်းမှကတ္တရာလမ်း အဆင့်မြှင့်ဆောင်ရွက်ပြီးစီးမှုကို မေ ၂ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့်တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (ပြည်နယ်စည်ပင်)

မြို့နယ်သတင်းထောက်များခေါ်ယူခြင်း

မြန်မာ့အလင်းသတင်းစာတိုက်အတွက် သတင်း၊ ဓာတ်ပုံ၊ သတင်းဆောင်းပါးများ ရေးသားရိုက်ကူးပေးပို့နိုင်မည့် မြို့နယ်သတင်းထောက်များကို စိစစ်ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သတင်းထောက်လုပ်ငန်းကိုဝါသနာပါပြီး သတင်းရေးသားခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်းများကို သတင်းနှင့် ဆက်သွယ်ရေးနည်းပညာများကို အခြေခံလျက် လုပ်ကိုင်နိုင်သူများသည် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲစခန်းတို့၏ ထောက်ခံချက်နှင့်အတူ ကိုယ်ရေးအကျဉ်းနှင့် လိုင်စင်ဓာတ်ပုံ နှစ်ပုံပူးတွဲလျက် လျှောက်ထားနိုင်ပါသည်။

လျှောက်ထားလိုသူများသည် **မြန်မာ့အလင်းသတင်းစာတိုက် ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်ခရိုင်နှင့် မြန်မာ့အလင်းသတင်းစာတိုက် (ရန်ကုန်ရုံးခွဲ) အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**သို့ (၉-၆-၂၀၁၁)ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

[illegible]

(160) Ph:09-5053076

ရွှေသင်္ကန်းကပ်လှူရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ဆဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်ငါးဆူနှင့် ရဟန္တာအရှင်မြတ်နှစ်ပါးတို့၏ ကျောင်းဆောင်များတို့အား မျက်ပါးရွှေစစ်ဖြင့် ရွှေသင်္ကန်းကပ်လှူရန် မြန်မာမှု ရွှေချလုပ်ငန်းရှင်များထံမှ ချိပ်ပိတ်တင်ဒါများ အလိုရှိပါသည်။ တင်ဒါပိတ်ရက်မှာ ၂၂-၅-၂၀၁၁ ရက် ညနေ ၄နာရီ ဖြစ်ပါသည်။

အသေးစိတ်စည်းကမ်းများ သိရှိလိုပါက စေတီတော်ဂေါပကအဖွဲ့ထံ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဂေါပကအဖွဲ့
ဆဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်။

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော ပန်းဘဲတန်းမြို့နယ်အတွင်းရှိ တိုက်ခန်းအားလက်ရှိအမည်ပေါက်ထံမှ တစ်ဆင့်ရရှိထားသူက အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန်တင်ပြလာခြင်းအား ခွင့်ပြုရန် မသင့်ကြောင်းကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဒေါ်သန်းသန်းဝင်း TRY-၀၁၂၅၂၄	ဦးမောင်မောင်ကျော် ၆/ထဝန(နိုင်)၀၂၆၅၆၂	အမှတ် ၁၄၀၊ သုံးလွှာ၊ ၂၅လမ်း၊ ပန်းဘဲတန်းမြို့နယ်။
၂။	ဦးမြင့်သိန်း ၁၂/ပဘတ(နိုင်) ၀၂၁၉၈၉(မှ) ဦးမိုဟာမက်နဒိမ် ၁၂/ကတတ(နိုင်) ၀၀၂၄၇၈(မှ)	ဦးအဗ္ဗဒူ(လ်)ဘာစီ(လ်) ၁၂/ပဘတ(ပြု)၀၀၀၂၅၅	အမှတ် ၃၂၊ ၃၄၊ ရှစ်လွှာ(ယာ)၊၂၅လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

အထူးတရားပွဲ

သုံးလောကထွတ်ထား၊ မြတ်ဗုဒ္ဓအားအမှူးထား၍ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ နယ်စပ်နှင့်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းနှင့် သာသနာပြုသင်တန်းကျောင်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသုတေသနဓမ္မသဘင်ဇမ္ဗူသီရိပိမာန်တော်ကြီးတွင် အောက်ဖော်ပြပါသံဃာတော်အရှင်သူမြတ်များက ၁၂-၅-၂၀၁၁ရက်မှ ၁၅-၅-၂၀၁၁ရက်အထိ ရဟန်း၊ ရှင်၊ လူတို့အား တရားရေအေး တိုက်ကျွေးမည်ဖြစ်ပါသည်-

(က) ဒေါက်တာအရှင်ကုမာရ(ဗန်းမော်ဆရာတော်)
ဥက္ကဋ္ဌ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၁၂-၅-၂၀၁၁ရက်။
(ခ) အရှင်ဇေယျပဏ္ဍိတ ၁၃-၅-၂၀၁၁ရက်မှ
(ပိုင်းလော့ဆရာတော်) ၁၄-၅-၂၀၁၁ရက်အထိ။
(ဂ) ဒေါက်တာအရှင်ကောဝိဒ(မဇ္ဈိမဂုဏ်ရည်) ၁၅-၅-၂၀၁၁ရက်။

အချိန် - ညစဉ် ၇ နာရီ
လမ်းညွှန် - မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ တံတားလေးလမ်းဝ(နဝဒေးရုပ်ရှင်ရုံအရှေ့)။

ညှိနှိုင်းဈေးဖြင့်ရောင်းမည်

တောင်ဥက္ကလာပစက်မှုဇုန်၊ ပေ(၆၀×၈၀)မြေကွက်ပေါ်ရှိ B/N နှစ်ထပ်စက်ရုံနှင့် လက်ရှိလည်ပတ်လုပ်ကိုင်လျက်ရှိပြီး နေ့စဉ်ဝင်ငွေရရှိသော ရေသန့်လုပ်ငန်းရောင်းမည်။
ပါဝါမီတာ၊ ဖုန်းပါ။
ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၀၆၅၇၅၀။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌
၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၂၇

ဦးဇော်မင်း	**နှင့်**	ဦးတင်စိုးလှိုင်
တိုက်၃၊ အခန်း၂၀၄၊		အမှတ်၁၂၊ ဘီ-၇၊ ကန်လမ်း၊
အောင်ချမ်းသာအိမ်ရာ၊		(၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။		ရန်ကုန်မြို့။ (ယခင်နေရပ်လိပ်စာ)
တရားလို		**တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင် ဦးတင်စိုးလှိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ်သိန်း၅၀ (ကျပ်သိန်းငါးဆယ်တိတိ) ရလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်ကိစ္စအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၁ခုနှစ် မေ ၃၁ ရက်(၁၃၇၃ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ ရက်) နံနက်၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူက တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၁ခုနှစ် မေ ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နုနုခင်
ဒုတိယခရိုင်တရားသူကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးလှဝင်း ၁၂/တမန(နိုင်)၀၄၃၀၁၁၏လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၆၂ လမ်း၊ တိုက်အမှတ်(၁၆)၏အိမ်ရှင်/မြေရှင်မှာ ကျွန်ုပ်၏မိတ်ဆွေ ဦးလှဝင်းပင်ဖြစ်ပြီး ဤတိုက်၏မြေညီထပ်(ခြေရင်း)နှင့် ပထမထပ်(ခြေရင်း) အခန်းနှစ်ခန်းကို ကွယ်လွန်သူ ဗိုလ်ကြီးခင်သိန်း၏ဇနီး ဒေါ်တင်တင်ဝင်း သက်ရှိထင်ရှားရှိစဉ်က ကန်ထရိုက်တာဦးစန်းနိုင်ထံမှ ကျပ်သိန်း ၇၀ဖြင့် ဝယ်ယူစဉ်က ဦးလှဝင်း၊ ဦးလှမြင့်၊ ဒေါ်ဝင်းစန္ဒာ(ဒေါ်တင်တင်ဝင်း၏ သမီး)ရှေ့မှောက်၌ ပင် ၁၈-၆-၁၉၉၇ ရက်၌ စရန်ငွေကျပ် ၃၅သိန်း ပေးခဲ့ခြင်းနှင့် ၂-၄-၁၉၉၈ ရက်၌ ငွေကျပ် ၃၅ သိန်းပေးခဲ့ခြင်းတို့ဖြင့် ဦးလှဝင်းက အိမ်ရှင်/မြေရှင်လက်မှတ်ထိုးပေးထားသော စာချုပ်ဖြင့် ယနေ့တိုင် ဒေါ်တင်တင်ဝင်းကိုသာ အိမ်ငှားအဖြစ် အိမ်ရှင်/မြေရှင်မှ အသိအမှတ်ပြုထားပါခြင်းနှင့်အတူ ဦးလှဝင်းသည် ဒေါ်တင်တင်ဝင်းက ဦးသိန်းထွဋ်ထံမှ ရန်ကင်းမြို့နယ်၊ အမှတ်(၁၅)ရပ်ကွက်၊ မွှေရုံလမ်း၊ အိမ်အမှတ် ၁/ဆကိုလည်းဝယ်ယူခဲ့စဉ်က ပါဝင်ဆောင်ရွက်ခဲ့ရသူဖြစ်ပါသဖြင့် ထိုအိမ်အမှတ် ၁/ဆကို ဦးလှဝင်း၊ ဦးဇော်မင်း၊ ဦးသိန်းမောင်၊ ဒေါ်ညွန့်ကြည်၊ ဒေါ်နီလာသန်း၊ ဒေါက်တာခင်စန်းတင့်၊ ဒေါက်တာခင်စန်းမြင့်၊ ဒေါ်ဝင်းစန္ဒာ (ဒေါ်တင်တင်ဝင်း၏သမီး)တို့ရှေ့မှောက်၌ ငွေကျပ် ၈၆သိန်းတွင် ၇-၁၂-၉၆ရက်က စရန်ငွေကျပ် ၂၆သိန်းကိုပေးခဲ့ရခြင်းနှင့်အတူ ၁-၁-၉၇ရက်တွင် ငွေကျပ်သိန်း ၆၀ကို အပြီးအပြတ်ပေးခဲ့ခြင်း၊ စာချုပ်ချုပ်ခဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့သူမှာ ဦးလှဝင်းပင်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ထွန်းကျော် LL.B အထက်တန်းရှေ့နေ (စဉ်-၁၁၉၁၃)
အမှတ် (ခ/၃၄)လမ်း၊ ရန်ကုန်မြို့။

လျှောက်ထားကြောင်းအကြောင်းကြားစာ

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ
(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
၂၀၁၁ ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၅၃
ကွယ်လွန်သူဒေါ်တင်တင်၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဒေါ်အေးအေးထွေး **လျှောက်ထားသူ**

အမှတ် ၁၂၊ လှည်းတန်း ၄လမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်အေးအေးထွေးက ကွယ်လွန်သူအစ်မဒေါ်တင်တင်၏ အတူနေညီမဖြစ်ပြီး အထက်ပါလိပ်စာတွင် အတူနေထိုင်ကွယ်လွန်ခဲ့သူ ဒေါ်တင်တင်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများပြည်သူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်တင်တင်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူပုဂ္ဂိုလ်သမျှတို့သည် ဤရုံးသို့ ၂၀၁၁ခုနှစ် မေ ၁၉ရက် (၁၃၇၃ ခုနှစ် ကဆုန်လပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါ်တင်တင်၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့်မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၁ ခုနှစ် မေ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နော်သန်းသန်းအေး၊ ဒုတိယညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်။

အမည်မှန်

လားရှိုးမြို့၊ အထက-၆ အဋ္ဌမတန်း(ဆ)မှ မောင်စတေဖန့်ခွန်း၏ ဖခင်အမည်မှန်မှာ ဦးဒို့ခွန်းဖြစ်ပါသည်။

ဦးဒို့ခွန်း
၁၃/လရန(နိုင်)၀၄၁၉၄၈။

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၁၆၅/က၊ မြေကွက်တည်နေရာအမှတ် ၁၆၅/က၊ မိဂသီ၂၂လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ခင်အုန်းမြင့်၊ ဦးအေးဟန်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်အုန်းမြင့် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးအေးဟန် ၁၂/ဥကတ(နိုင်)၀၄၇၅၃၈က တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၁၄၃၀/၁၁ (၂၄-၃-၁၁) ကို တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

[illegible]

မီးသတ်တပ်ဖွဲ့နေ့အခမ်းအနား ပခုက္ကူတွင်ကျင်းပ

ပခုက္ကူ မေ ၈

(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ ၅ ရက် နံနက် ၉ နာရီက ပခုက္ကူမြို့ ခရိုင်မီးသတ်ဦးစီးဌာန၌ကျင်းပရာ မကွေးတိုင်းဒေသကြီးမှ ပခုက္ကူမြို့ပေါ် ၁၅ ရပ်ကွက်ရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ထောက်ပံ့ပေးအပ်သော တူညီဝတ်စုံ ၃၁၃ စုံကို တာဝန်ရှိသူများက ပေးအပ်ပြီး မီးသတ်တပ်ဖွဲ့နေ့နှင့်စပ်လျဉ်း၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက ရှင်းလင်းပြောကြားခဲ့သည်။ (ဝဲပုံ)

ဆက်လက်၍ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့သော ရပ်ကွက်များမှအရန်မီးသတ်တပ်ဖွဲ့ဝင်များအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီးနောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စွမ်းရည်သရုပ်ပြသခဲ့ကြောင်း သိရသည်။ (၁၀၂)

ကျောက်တန်းမြို့ ကျောက်တန်းဘိုးဘွားရိပ်သာ ငွေပဒေသာပင်အတွက် ရန်ကုန်မြို့ သာကေတမြို့နယ် ၇/အရှေ့ရပ်ကွက် အောင်ရတနာလမ်းနေ မောင်ဟိန်းသူအောင်-မချိုချိုမြင့်တို့က မင်္ဂလာဦးအလှူငွေ ကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးထွန်းလှရွှေက လက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။
(မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ရာမှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနို၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှား သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသည့် *စာမျက်နှာ ၄ ကော်လံ ၅* ✻

အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေး ခရီးသွားရောက်ခဲ့ပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ရာမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော် သမ္မတ ဦးသိန်းစိန်အား ဒုတိယသမ္မတများ ဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တို့ နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

10-5 (20).pmd 1 5/10/2011, 3:41 AM